# မာတိကာ


- ဤစာအုပ်အတွက် မိတ်ဆက်စကား — က

၁။ မဟာအလက်ဇန္ဒြားဘုရင်နှင့် တတိယမြောက်ပါးရှန်းဘုရင် ဒါရီးရပ်စ်တို့၏ ဘုရင်များရဲ့ရန်ပွဲ — ၃

၂။ နပိုလီယံဘိုနာပတ်နှင့် ဝယ်လင်တန်နယ်စား — ၂၈

၃။ ဟစ်တလာနဲ့ စစ်သူကြီးအန်းစ်ရှမ်း — ၅၀

၄။ နိုင်ငံတစ်ခု အားပြိုင်အားလုခဲ့ကြတဲ့ မော်စီတုန်းနှင့် ချန်ကေရှိတ် — ၇၅

၅။ ဗီယက်နမ်သူရဲကောင်း ဗိုလ်ချုပ်ကြီးဗိုငုယင်ဂီးယပ်နဲ့ ပြင်သစ်ဗိုလ်ချုပ် ခရစ္စတီယံဒေကတ်(စ်)ရီစ် — ၁၁၁


ဝ

## ဤစာအုပ်အတွက် မိတ်ဆက်စကား

"နောင်ဆိုရင် မင်း ငါနဲ့ အဆက်အသွယ်လုပ်ချင်တယ်ဆိုရင် ငါနဲ့ ဆက်သွယ်တဲ့အခါတိုင်း ငါ့ကို 'အာရှတစ်ခွင်လုံးရဲ့ ဘုရင်ကြီး' လို့ ခေါ်ရမယ်။ ငါ့ဆီကို တန်းတူရည်တူ သဘောထားပြီး စာမပို့နဲ့။ အခု မင်းပိုင်ဆိုင်မှုတွေ အားလုံးဟာ ငါ့ပစ္စည်းတွေဖြစ်သွားပြီ။ ဒါကြောင့် မင်း တစ်ခုခုလိုချင်တယ်ဆိုရင် ငါ့ကို ကြိုပြီးအသိပေးပါ။ မဟုတ်ရင်တော့ မင်းကို ရာဇဝတ်သားတစ်ဦးအနေနဲ့ ငါ ကိုင်တွယ်ရလိမ့်မယ်။ တစ်ဖက်မှာ မင်းက ထီးနန်းကို အနိုင်လုချင်တဲ့ဆန္ဒရှိရင် ဒီအတွက် မင်း တိုက်ခိုက်ဖို့လုပ်ပါ။ ထွက်မပြေးပါနဲ့။ မင်းထွက်ပြေးပြီး ဘယ်နေရာမှာပဲ ပုန်းနေပုန်းနေ ငါတွေ့အောင်ရှာမယ်ဆိုတာ သိထားစေပေါ့"

အထက်မှာဖော်ပြခဲ့တဲ့ စာသားတွေကတော့ တန်ခိုးထွားလာတဲ့ မဟာအလက်ဇန္ဒြားဘုရင်က ပါးရှန်းဘုရင် ဒါရီးရပ်စ်ဆီကို ပေးတဲ့စာဖြစ်ပါတယ်။ ဒီစာသားတွေ နည်းနည်းတော့ ရိုင်းတယ်လို့ ထင်ရပါတယ်။ သူ့အနေနဲ့ ဒီလိုလူတစ်ယောက်အပေါ် ချိုနှိမ်ဖို့လိုသလား မေးစရာရှိပါတယ်။ ဒါပေမဲ့လည်း တကယ်တမ်းကျတော့



ကျွန်တော်တို့လည်း အခုလို ခါးသီးရှင်းသီးတဲ့ စကားတွေကို ကျွန်တော်တို့ ဘဝအလွှာအသီးသီးမှာရှိတဲ့ ပြိုင်ဘက်တွေအပေါ် မကျေမနပ်နဲ့ ပြောလေ့ရှိကြပါတယ်။

ဒီလိုပြိုင်ဆိုင်တဲ့ဉာဉ်ဟာ နည်းနည်းတော့ ရှုပ်နေရာ ကောင်းပါတယ်။ ဒါပေမဲ့လည်း တစ်ယောက်နဲ့တစ်ယောက် ယှဉ်ပြိုင်ကြတာဟာ တကယ့်ကို သဘာဝကျတဲ့ဖြစ်စဉ်ပါ။ ကမ္ဘာကြီးရဲ့ ရှေးဦးသမိုင်းခေတ်မှာလည်း ဒီလိုပဲ ပြိုင်ဘက်တွေကို ဖျက်ဆီးချေမှုန်းပစ်ကြတာဟာ အစဉ်အလာလုပ်ငန်းတစ်ခုလို ဖြစ်ခဲ့ပါတယ်။ လူသားတွေဟာ ရှေးလာကတည်းက ရန်ဘက်အသွင်ဆောင်တဲ့ လက္ခဏာတွေပြခဲ့တယ်။ အသက်မြောက်လအရွယ် ကလေးငယ်လေးတွေကိုကြည့်ရင် အထူးသဖြင့် မွေးချင်းသားချင်းတော်တဲ့ ကလေးငယ်လေးတွေကြားမှာ ဒီလို ယှဉ်ပြိုင်အနိုင်လုကြတဲ့ လက္ခဏာတွေကို တွေ့ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီနေ့ခေတ်မှာတော့ ပြိုင်ဆိုင်မှုဆိုတာဟာ ကျွန်တော်တို့ဘဝနဲ့ ကျွန်တော်တို့ပတ်ဝန်းကျင်မှာရှိတဲ့ လူအချို့လောက်ကိုသာ ထိခိုက်စေပါတယ်။ ဒါပေမဲ့လည်း ဒီလိုပြိုင်ဆိုင်မှုကြောင့် လူသားတွေရဲ့ သမိုင်းဖြစ်ရပ်လမ်းကြောင်းကို ပြောင်းလဲစေမှုတွေ ရှိခဲ့ပါတယ်။ ဒီလိုကြီးကျယ်တဲ့ သမိုင်းဖြစ်ရပ်တွေကို ဒီစာအုပ်ထဲမှာ ဖော်ပြထားပါတယ်။ အထက်မှာ ဖော်ပြထားတဲ့ အလက်ဇန္ဒြားနဲ့ ဒါရီးရပ်စ်ဘုရင်တို့ရဲ့ အာဏာပြိုင်ဆိုင်ကြတဲ့ ခေါင်းဆောင်းစီးတိုက်ပွဲတွေကနေပြီး ၁၉ ရာစုနဲ့ ၂၀ ရာစုခေတ် အာဏာနိုင်ငံရေးအတွက် အကြိတ်အနယ် ပြိုင်ဆိုင်ခဲ့ကြတာတွေကိုလည်း ဒီစာအုပ်ထဲမှာ တွေ့မြင်ရမှာဖြစ်ပါတယ်။ မိမိရဲ့ပြိုင်ဘက်၊ ရန်သူကိုဖယ်ရှားပစ်ဖို့ ကြိုးပမ်းရာမှာ ခေါင်းဆောင်တစ်ဦးချင်းစီရဲ့ အကြံအစည်၊ အတွေးအခေါ်၊ ပါးနပ်လိမ္မာကျွမ်းကျင်မှု ဘယ်လောက် အရေးပါ



ခဲ့တယ်ဆိုတာ ပြင်သစ်အင်ပါယာရှင် နပိုလီယံဘိုနာပတ်နဲ့ အင်္ဂလိပ်ဗိုလ်ချုပ် ဝယ်လင်တန်တို့ရဲ့ ပြိုင်ဆိုင်မှု၊ ဟစ်တလာနဲ့ အန်းစ်ရှမ်းတို့ရဲ့ ပြိုင်ဆိုင်မှုနဲ့ မော်စီတုန်းနဲ့ ချန်ကေရှိတ်တို့ ပြိုင်ဆိုင်မှုတွေမှာ တွေ့မြင်ရမှာဖြစ်သလို မိမိနိုင်ငံကို ကျူးကျော်သိမ်းပိုက်ထားတဲ့ ပြင်သစ်ကိုလိုနီနယ်ချဲ့တွေကို ဗိုလ်ချုပ်ကြီးဗိုငုယင်ဂီးယပ် ဦးဆောင်တဲ့ ဗီယက်နမ်စစ်သည်တွေ အသက်၊ သွေး၊ ချွေးတွေ ပေးဆပ်ပြီး သူ့ရဲ့ကောင်းပီသစွာနဲ့အနိုင်ယူခဲ့ကြပုံကိုလည်း ဒီနယ်စပ်ဖူးတိုက်ပွဲမှာ ဖတ်ရှုနိုင်ပါတယ်။ အာဏာနဲ့ နိုင်ငံရေးအတွက်မဟုတ်ဘဲ လူသားအချင်းချင်း တစ်ယောက်အပေါ် တစ်ယောက် မလိုမုန်းထားမှု မနာလိုမှု သဘောထားချင်း မတိုက်ဆိုင်လို့ ရန်ဘက်၊ ပြိုင်ဘက်ဖြစ်ခဲ့ရတာတွေလည်း သမိုင်းမှာ ထင်ထင်ရှားရှား ရှိခဲ့ပါတယ်။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး နောက်ထပ် ထွက်လာမယ့်စာအုပ်မှာ ဆက်လက်ဖော်ပြသွားပါမယ်။

ရွှေဝင်းလှိုင်

ဝ